ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)

စာအမှတ်၊ SSE/NM/၀၀၉ /၂၀၂၀
ရက်စွဲ၊၂၀၂၀ – ပြည့်နှစ်၊ မတ်လ (၂၄) ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ (၁၇-၃-၂၀၂၀) ရက်စွဲပါ စာအမှတ်၊ MOEE – ၁/၂ (လုံခြုံရေး-၂) (၄၇၉၅) / ၂၀၂၀

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO Daewoo Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့တွင် Drilling Campaign လုပ်ငန်းများအား Drillship “MAERSK VIKING” (Call Sign : S6LY3) ဖြင့် (၁၅-၁၁-၂၀၁၉) ရက်နေ့မှ (၁၅-၃-၂၀၂၀) ရက်နေ့အထိ ဆောင်ရွက်မည် ဖြစ်ပါကြောင်း (၁.၁၁.၂၀၁၉) ရက်စွဲပါ စာအမှတ်၊ SSE/NM/၀၂၃/၂၀၁၉ ဖြင့် ရေကြောင်းသတိပေးချက် ကြေညာထားပြီး ဖြစ်ပါသည်။ ယခုအခါ တွင်းတူးဖော်ရေးလုပ်ငန်းများ မပြီးသေးပါသဖြင့် (၂၀.၃.၂၀၂၀) ရက်နေ့မှ (၁၈.၅.၂၀၂၀) ရက်နေ့အထိ ထပ်မံ၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ Drilling Campaign လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းကိုဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Location | Latitude | Longitude |
|---|---|---|
| A | 19° 51' 13.24" N | 92° 16' 16.38" E |
| B | 19° 56' 51.21" N | 92° 33' 45.54" E |
| C | 19° 12' 50.35" N | 92° 50' 20.44" E |
| D | 19° 06' 59.69" N | 92° 31' 44.04" E |

၃။ သို့ဖြစ်ပါ၍ (၂၀.၃.၂၀၂၀) ရက်နေ့မှ (၁၈.၅.၂၀၂၀) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့်တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
အောင်မြင့်မိုး-ဒုတိယညွှန်ကြားရေးမှူး(SSE)